ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မိုးညိုမြို့နယ်

**လူထုဗဟိုပြုစီမံကိန်း**

**National Community Driven Development Project**



**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်**
**Village Development Plan (VDP)**
**ဗောဓိကုန်းကျေးရွာ၊ ကျောက်ဝဒအုပ်စု**

ဇန်နဝါရီလ၊ ၂၀၁၇

# မာတိကာ


၁။ မိုးညှိမြို့နယ်ပြမြေပုံ

၂။ ဇောမိကုန်းကျေးရွာအုပ်စုမြေပုံ

၃။ ကျောက်ဝကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

၄။ ကျေးရွာအခြေခံ အချက်အလက်များ

၅။ လူထုပူပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ

၈။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

၉။ ကျေးရွာအချက်အလက် (ပုံစံ ၁)

၁၀။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ ၂)

၁၁။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ ၃)

၁၂။ ကျေးရွာအုပ်စု စီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း (ပုံစံ ၄)

၁၃။ အစည်းအဝေးမှတ်တမ်းများ


၁၄။ ကျေးရွာမှကြုံတွေ့နေရသည့် အခက်အခဲအတားအဆီးများ


၁၅။ ကျေးရွာမှ နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

၁၆။ ကျေးရွာမှ အဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု သင်တန်းများ

၁၇။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက် အရည်အသွေး ထိန်းချုပ်မှု (Checklist for VDP)

# မိုးညိုမြို့နယ်မြေပုံ


N
S
ရွှေတောင်မြို့နယ်
နတ်တလင်းမြို့နယ်
ကြို့ပင်ကောက်မြို့နယ်
ရေဝတီတိုင်း
အုတ်ဖိုမြို့နယ်
မင်းလှမြို့နယ်
လက်ပံတန်းမြို့နယ်
မိုးညိုမြို့
မင်းလှသို့
ရည်ညွှန်းချက်
မြို့နယ်ရုံးစိုက်ရာမြို့
ကျေးရွာအုပ်စု
ကျေးရွာအုပ်စုနယ်နိမိတ်
ကျေးရွာခွဲများ
မြို့နယ်နယ်နိမိတ်
ကတ္တရာ/ ဂဝံ/ မြေသားလမ်း
ရဲစခန်း
မြို့နယ်/တိုက်နယ်ဆေးရုံ
မြစ်/ချောင်း



N
ကျေးရွာအုပ်စုအညွှန်းပြမြေပုံ
ကျောက်ဝ
မိုးညိုမြို့နယ်
သာယာဝတီခရိုင်
ပဲခူးတိုင်းဒေသကြီး
စကေး ၃ လက်မ = ၁ မိုင်
နတ္တလင်းမြို့နယ်
၁၂၆ ကွင်း
ညောင်လေးပင်
သိမ်ကုန်း
ကြို့ပင်ကောက်မြို့နယ်
သမီးလှ
မြစ်မခမြစ်
မြစ်သာ
ဖောဝိကုန်း
ကျောက်ဝ
၁၂၂ ကွင်း
၁၂၄ ကွင်း
ပတွေ့
ကရင်ချောင်
မြောက်လုပ်ကုန်း
ညွှန်ပြချက်
ကျေးရွာအုပ်စုနယ်နိမိတ်
ဂဝံလမ်း
မြေသားလမ်း
နွေရာသီလမ်း
မြစ်ချောင်း
မြေရိုင်း
စိုက်ပျိုးမြေ
စားကျက်မြေ
စာသင်ကျောင်း
ဘုန်းကြီးကျောင်း
ဘောလုံးကွင်း
မြို့နယ်ဆေးရုံ
တိုက်နယ်ဆေးရုံ
ကျေးလက်ကျန်းမာရေးဌာန
ကျေးလက်ကျန်းမာရေးဌာနခွဲ
ရဲစခန်း
ရဲကင်း
ကျေးရွာလူနေအိမ်ခြေများ

**ကျောက်ဝကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာများစာရင်း**

၁။ ကျောက်ဝကျေးရွာ

၂။ ဇောမိကုန်းကျေးရွာ

၃။ သမီးလှကျေးရွာ

၄။ သိမ်ကုန်းကျေးရွာ

**ဇောမိကုန်းကျေးရွာ၏ အခြေခံအချက်အလက်များ**

ကျောက်ဝအုပ်စုတွင် ဇောမိကုန်း ကျေးရွာဟူ၍ ပေါ်ပေါက်လာရခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၁၀၀)ကျော်ခန့်က တံငါသည် လူတစ်စုသည် ယခုကျေးရွာတည်နေရာတွင် ချုံနွယ်များကို ရှင်းလင်းပြီး တဲထိုးကာ နေထိုင်ရင်းမှအစပြုပြီး အိမ်ခြေ(၁၅)အိမ်ခန့် ဖြစ်လာခဲ့သည်။ ထိုသို့နေထိုင်ရင်း မိသားစုများတိုးပွားလာပြီး အိမ်များ တည်ဆောက်ရန် တောများကို ခုတ်ထွင်ရှင်းလင်းခဲ့ရာ ဇောမိညောင်ပင်ကို တွေ့ရှိခဲ့ပါသည်။ ထိုဇောမိညောင်ပင်ကို အစွဲပြုပြီးနောင်တွင် ဇောမိကုန်းကျေးရွာ ဟုအမည်တွင်လာခဲ့ပါသည်။

ထူးခြားမှုအနေဖြင့် အနီးတဝိုက်ကို ခုတ်ထွင်ရှင်းလင်းစဉ် ယင်းညောင်ပင်နှင့်(၂၈)ကိုက် အကွာတွင် (၉)ပေအမြင့်ရှိသော ရှေးဟောင်း အုတ်ပုံစေတီတစ်ဆူကို တွေ့ရှိခဲ့ကြပါသည်။ ယင်းစေတီမှာ အလောင်းစည်သူမင်းတရားကြီးလက်ထက် တိုင်းခန်းလှည့်လည်ရာတွင် ဖောင်တော် ဆိုက်ကပ်ခဲ့သည့် နေရာတိုင်းတွင် စေတီများတည်ထားခဲ့ပြီး ထိုစေတီကိုလည်း ဖောင်တော်ဦးစေတီ ဘွဲ့တော်ပေး တည်ထားခဲ့သည်ဟု သိရပါသည်။

ယခုအခါ ဇောမိကုန်းကျေးရွာသည် အိမ်ခြေ(၃၄၆)အိမ်၊ အိမ်ထောင်စု (၃၅၂)စု ထိရှိသော ရွာကြီးတစ်ရွာဖြစ်နေပြီး လူဦးရေ ကျား(၆၃၂)ဦး၊ မ(၆၇၃)ဦး၊ စုစုပေါင်း(၁၃၀၅)ဦး နေထိုင်လျှက် ရှိပါသည်။ မိုးညိုမြို့၏ အရှေ့မြောက်ဘက်(၂၅)မိုင်ခန့်၊ ကြို့ပင်ကောက်မြို့၏ အနောက်ဘက်(၁၈)မိုင်ခန့်တွင် တည်ရှိပြီး သွားရေးလာရေး အလွန်ခက်ခဲသောကြောင့် ဖွံ့ဖြိုးမှုများ အစစအရာရာ နောက်ကျလျှက် ရှိပါသည်။ ကျေးရွာအတွင်းရှိ လမ်းများနှင့် ရွာချင်းဆက်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး နွေရာသီတွင်သာ သွားလာနိုင်သည်။ မိုးရာသီတွင် (၄)လခန့် ရေလွှမ်းမိုးလေ့ရှိပြီး စက်တပ်လှေများဖြင့်သာ သွားလာနိုင်သည်။

ဇောမိကုန်းကျေးရွာ အနီးတဝိုက်တွင် လယ်ယာမြေများ၊ အင်းအိုင်ချောင်းမြောင်းများ ပေါများသဖြင့် လယ်ယာစိုက်ပျိုးခြင်း လုပ်ငန်းနှင့် တံငါလုပ်ငန်းကို အများစုက လုပ်ကိုင်ကြသည်။ ကျေးရွာတွင် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိပြီး ကျောင်းသား/သူ (၂၃၇)ဦး ပညာသင်ကြားလျှက် ရှိပါသည်။ ကျောင်းအဆင့်တိုးခြင်းနှင့်အတူ ကျောင်းဆောင်သစ်များကိုလည်း နိုင်ငံတော်မှ တည်ဆောက်ပေးပြီးဖြစ်ပါသည်။

ကျန်းမာရေးဆေးပေးခန်းလည်းရှိပြီး သာမန်ဆေးကုသမှုများကို ကုသပေးလျက်ရှိပြီး အရေးပေါ်အခြေအနေများတွင် အနီးစပ်ဆုံးဖြစ်သော ပတ္တော်တိုက်နယ်ဆေးရုံသို့ ခက်ခဲစွာသွားရောက်ကြရပါသည်။


ကျေးရွာတောင်ဘက်ထိပ်တွင် ဘုန်းတော်ကြီးကျောင်းနှင့် မြောက်ဘက်တွင် ဖောင်တော်ဦးစေတီ တစ်ဆူရှိပါသည်။

ဇောမိကုန်းကျေးရွာ၏ အဓိကအခက်အခဲမှာ လမ်းပန်းဆက်သွယ်ရေးဖြစ်ပါသည်။ ထို့ကြောင့် လူထုဗဟိုပြုစီမံကိန်း အကောင်ထည်ဖော်ဆောင်ရွက်မည့် ဒုတိယနှစ်စက်ဝန်းမှာလည်း ဇောမိကုန်းကျေးရွာမှ ပတ္တော်အုပ်စုစံပြကျေးရွာသို့ ဆက်သွယ်သည့်လမ်းကို ဆက်လက်ပြုလုပ်ရန် တင်ပြတောင်းဆိုခဲ့ပါသည်။

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူပေါင်း | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | ကျေးရွာအရင်းမြစ်ပြမြေပုံ (Social Map & Resource Map) | ၃.၂.၂၀၁၇ | စေတနာ့ဝန်ထမ်း ရာအိမ်မှူး ရပ်မိရပ်ဖ | ၅၈ | ၁၁ | ၆၉ | ကျေးရွာတွင်ထင်ရှားသောအမှတ်အသားများ၊ အဆောက်အဦးများ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊ ပိုင်ဆိုင်သောအရင်းအမြစ်များ သိစေရန်။ |
| ၂ | ဥစ္စာဓနကြွယ်မှု အဆင့်သတ်မှတ်ခြင်း(Wealth Ranking) | ။ | စီ/ထောက်ကော်မတီ ကျေးရွာလူထု | ၅၈ | ၁၁ | ၆၉ | ကျေးရွာအတွင်းရှိလူမှုစီးပွားရေးအခြေအနေအလိုက် အဆင့်သတ်မှတ်ချက်၊ စီမံကိန်းမှ ၄င်းတို့အားအကျိုးသက်ရောက်မှုရှိ/မရှိသိသာစေရန်။ |
| ၃ | ရာသီခွင့်ပြပြက္ခဒိန် (Seasonal Calendar) | ။ | ။ | ၅၈ | ၁၁ | ၆၉ | ကျေးရွာ၏ (၁)နှစ်ပတ်လုံးကွဲပြားသောအချိန်၊ ပြက္ခဒိန်ကိုအသုံးပြုပြီး စီမံကိန်း အကောင်အထည်ဖော်ရန် လများအလိုက် အဓိကဆောင်ရွက်သည့်အခြေအနေ (ဥပမာ- ငွေရေးကြေးရေး၊အစားအစာ၊ကျန်းမာရေး ) |
| ၄ | အဖွဲ့အစည်းများ ချိတ်ဆက်ပုံ (Venn Diagram) | ။ | ။ | ၅၈ | ၁၁ | ၆၉ | ကျေးရွာအတွင်းတက်ကြွစွာလှုပ်ရှားနေသောအဖွဲ့အစည်းများ၊ အာဏာရှိသောအဖွဲ့အစည်းတို့၏ ချိတ်ဆက်အရေးပါပုံ။ |
| ၅ | ပင့်ကူအိမ်ပုံဖြင့် ကျား/မ ကဏ္ဍဆန်းစစ်ချက် (Spider Web) | ။ | စေတနာ့ဝန်ထမ်း အမျိုးသား/သမီး များ | ၅၈ | ၁၁ | ၆၉ | အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူအခွင့်အရေးရရှိစေနိုင်သည့် အကြောင်းအရင်းဖေါ်ထုတ်ခြင်း ကျား/မ ကဏ္ဍဆန်းစစ်ခြင်း။ |
| ၆ | အမျိုးသားများ လက်တလောကြုံတွေ့နေရသည့် အခက်ခဲများ (Men needs) | ။ | စေတနာ့ဝန်ထမ်း အမျိုးသားများ | ၅၈ | - | ၅၈ | ကျေးရွာဖွံ့ဖြိုးစေရန်အတွက် ရင်ဆိုင်နေရသော အတားအဆီးပြဿနာများနှင့် လိုအပ်ချက်များ။ |
| ၇ | အမျိုးသမီးများ လက်တလောကြုံတွေ့နေရသည့် အခက်အခဲများ (Women Needs) | ။ | စေတနာ့ဝန်ထမ်း အမျိုးသမီးများ | - | ၁၁ | ၁၁ | ကျေးရွာဖွံ့ဖြိုးစေရန်အတွက် ရင်ဆိုင်နေရသော အတားအဆီးပြဿနာများနှင့် လိုအပ်ချက်များ။ |

## လူမှုရေးအရင်းအမြစ်ပြမြေပုံနှင့် သုံးသပ်ခြင်း



## အိမ်ထောင်စုများ အခြေအနေ

ဖောမိကုန်းကျေးရွာသည် မိုးညှင်းမြို့နယ်၊ ကျောက်ဝအုပ်စုအတွင်းရှိ အိမ်ခြေအများဆုံး ရွာကြီးတစ်ရွာဖြစ်ပြီး စုစုပေါင်းအိမ်ခြေ (၃၄၆)အိမ်၊ အိမ်ထောင်စုပေါင်း (၃၅၂)စု ရှိပြီး လူဦးရေအနေဖြင့် ကျား(၆၃၂)ဦး၊ မ(၆၇၃)ဦး၊ ပေါင်း(၁၃၀၅)ဦး နေထိုင်လျက်ရှိပါသည်။

## လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ဖောမိကုန်းကျေးရွာသည် မိုးညှင်းမြို့နယ်၊ ကျောက်ဝအုပ်စု၏ အလယ်ဗဟိုတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများ ဖြစ်သဖြင့် နွေရာသီတွင်သာ သွားလာနိုင်ပြီး မိုးရာသီတွင် စက်လှေဖြင့်သာ သွားလာနိုင်ပါသည်။ ပထဝီအနေအထားအရ မြေနိမ့်ပိုင်း အင်းအိုင်ချောင်းမြောင်းများပေါ်များပြီး ဖွံ့ဖြိုးမှုအလွန်နောက်ကျသည့် ကျေးရွာဖြစ်ပါသည်။ မိုးညှင်းမြို့နှင့် (၂၅)မိုင်ခန့်၊ ကြို့ပင်ကောက်မြို့နှင့် (၁၈)မိုင်ခန့်ကွာဝေးသဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး ကိစ္စများကို အနီးစပ်ဆုံး ကြို့ပင်ကောက်မြို့သို့သာ သွားရောက်ကြရပါသည်။

## ကျန်းမာရေးအခြေအနေ

ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းရှိပြီး သာမန်ဆေးကုသမှုများကို ဆောင်ရွက်လျက်ရှိပြီး အရေးပေါ်အခြေအနေများကြုံတွေ့လာပါက ကြို့ပင်ကောက်မြို့သို့သာ သွားကြရသည်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် အသက်ဆုံးရှုံးမှုများ ကြုံတွေ့ရပါသည်။

## သောက်သုံးရေအခြေအနေ

ကျေးရွာအတွင်း ရေတွင်း(၉)တွင်းနှင့် ရေတုံကင် (၂၀၀)တွင်းရှိပြီး အများစုမှာ နွေရာသီတွင် သောက်သုံးရေရရှိရန် အခက်အခဲများကြုံတွေ့ရပါသည်။ ရေတွင်းများမှာလည်း အသုံးပြုနိုင်ခြင်းမရှိတော့ခြင်းကြောင့် ရေတုံကင်များကိုသာအားကိုးအသုံးပြုရပါသည်။ ရေအရည်အသွေးမှာလည်း ကောင်းမွန်ခြင်းမရှိသော ရေဝါများသာ တွေ့ရပါသည်။

## ပတ်ဝန်းကျင်အရင်းအမြစ်

ဖောမိကုန်းကျေးရွာ၏ အဓိက စီးပွါးရေးလုပ်ငန်းမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်းဖြစ်ပြီး ရွာ၏ ပတ်ဝန်းကျင်တွင် အင်းအိုင်ချောင်းမြောင်းများ အများအပြား တွေ့ရပါသည်။

## အခြား

ကျေးရွာတောင်ဖက်ထိပ်တွင် ရွာဦးဘုန်းတော်ကြီးကျောင်းတည်ရှိပြီး မြောက်ဖက်တွင် စေတီတစ်ဆူ တည်ထားကိုးကွယ်လျက်ရှိပါသည်။ ကျေးရွာအတွင်း ကျန်းမာရေးဌာနခွဲနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တို့ ရှိပါသည်။ရွာ၏အရှေ့ဘက်တွင် ကြို့ပင်ကောက်မြို့နယ် မင်းအိုရွာ၊ ထန်းကုန်းရွာတို့နှင့် ဆက်စပ်လျက်ရှိပြီး အနောက်တောင်ဖက်မှ မိုးညှင်းမြို့နယ် ပတ္တော်အုပ်စု စံပြကျေးရွာသို့ ဆက်သွယ်ထားသော မြေသားလမ်းရှိပါသည်။

# ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



# ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ဇောဓိကုန်းကျေးရွာ၏ အခြေခံစီးပွါးရေးဖြစ်သော လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်းအပေါ် မူတည်ပြီး ကျေးရွာလူထု၏ ဉစ္စာဓနကြွယ်ဝမှုကို အောက်ပါအတိုင်းအဆင့်သုံးဆင့်ဖြင့် ခွဲခြားနိုင်ပါသည်။

ကျေးရွာတွင် အိမ်ခြေပေါင်း(၃၈၉)အိမ်ရှိသည့်အနက် အဆင်ပြေသောမိသားစုအနေဖြင့်(၁၀)အိမ်ခန့်သာ ရှိပြီး အလယ်အလတ်မိသားစုမှာ(၁၀၀)အိမ် ရှိပါသည်။ လက်လုပ်လက်စား သာမန်မိသားစု(၂၇၉)အိမ် ရှိသည့်အတွက် ရွာ၏အများစုမှာ စီးပွါးရေးနိမ့်ကျကြောင်းတွေ့ရပါသည်။


အဆင်ပြေသော မိသားစုများသည် လယ် ၊ကိုင်း ၊နွား ၊လှည်း ၊ဖောကား ၊လယ်ထွန်စက် ၊ချွေလှေ့စက် ၊မော်တော်နှင့် မော်တော်ဆိုင်ကယ်များ ပိုင်ဆိုင်ကြပြီး တစ်နှစ်ပျမ်းမျှ (၇၀)သိန်းခန့် ဝင်ငွေရကြပါသည်။ ဝမ်းစာအနေဖြင့် ပိုလျှံမှုရှိကြပါသည်။

အလယ်အလတ်မိသားစုများသည် ၊ကိုင်း ၊နွား ၊လှည်း ၊မော်တော်ဆိုင်ကယ်၊ စက်ဘီးများ ပိုင်ဆိုင်ကြပြီး တစ်နှစ်ပျမ်းမျှ (၄၀)သိန်းခန့် ဝင်ငွေရကြပါသည်။ ဝမ်းစာအနေဖြင့် ဖူလုံရုံမျှသာရှိကြပါသည်။

သာမန်မိသားစုများမှာ လယ်၊ ကိုင်း တို့ကိုပိုင်ဆိုင်ခြင်းမရှိဘဲ လက်လုပ်လက်စား ကျပန်းလုပ်သားများဖြစ်ပြီး စက်ဘီးလောက်သာ ပိုင်ဆိုင်ကြပါသည်။ ဝင်ငွေအနေဖြင့် တစ်နှစ်လျှင်(၁၀)သိန်းလောက်သာဝင်ပြီးဝမ်းစာအနေဖြင့် ဖူလုံမှု မရှိပါ။

ထို့ကြောင့် ဇောဓိကုန်းရွာတစ်ရွာလုံးအနေဖြင့် ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် စီးပွါးရေး အလွန်နိမ့်ပါးသော ကျေးရွာဖြစ်ကြောင်းသုံးသပ် တွေ့ရှိရပါသည်။

# အဖွဲ့အစည်းများ ချိတ်ဆက်ပုံ




## အဖွဲ့အစည်းများ ချိတ်ဆက်ပုံ သုံးသပ်ချက်

ဗောဓိကုန်းကျေးရွာတွင် အဓိကအနေဖြင့် အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ရပ်ရေးရွာရေးကို ဆောင်ရွက်နေပြီး ယင်းအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်၍ သမဝါယမအသင်း၊ ကျောင်းကော်မတီ၊ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း စသည့် အသင်းအဖွဲ့များ ဖွဲ့စည်းကာ ရပ်ရွာကိစ္စများကို ပူးပေါင်းဆောင်ရွက်လျှက် ရှိပါသည်။

မြို့နယ်ရှိ ဌာနဆိုင်ရာများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်လျှက်ရှိရာ မြို့နယ်သမဝါယမဦးစီးဌာန၊ ပညာရေးဌာန၊ စိုက်ပျိုးရေးဘဏ်၊ ဂုံလျှော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့ဖြင့်အဓိက ဆက်သွယ် ဆောင်ရွက်လျှက် ရှိပါသည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာနမှလည်း မှတ်ပုံတင်နှင့် အိမ်ထောင်စုဇယားများကို မကြာခဏ ကွင်းဆင်းဆောင်ရွက်ပေးလေ့ရှိပါသည်။

## ပင့်ကူအိမ်



## ပင့်ကူအိမ် သုံးသပ်ချက်

ဖောဓိကုန်းကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ လူနေမှုပုံစံကိုသိရှိနိုင်ရန် ပင့်ကူအိမ်သုံးသပ်ချက်ဖြင့် သုံးသပ်လေ့လာကြည့်ရာတွင် အရင်းအမြစ်များအပေါ်အသုံးချနိုင်မှုနှင့် ပိုင်ဆိုင်မှု၊ ပညာရေးလက်လှမ်းမှီမှု နှင့် ပစ္စည်းများ ပိုင်ဆိုင်မှုတို့တွင် ကျေးရွာရှိ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူဆောင်ရွက်နိုင်ကြပြီး လုံခြုံမှုပိုင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှုတို့တွင် အမျိုးသားများလောက် ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်လေ့ရှိသည်ကို တွေ့ရပါသည်။

ကျေးရွာရှိအမျိုးသမီးများသည် အိမ်ထောင်မှုအပေါ် အပြည့်အဝဂရုစိုက်လေ့ရှိကြပြီး အမျိုးသားများသည် အမျိုးသမီးများလောက် အိမ်ထောင်မှုကို ဂရုမစိုက်နိုင်ကြဘဲ စီးပွါးရေးလုပ်ငန်းများကိုသာ ဦးဆောင်ပြီး ဆောင်ရွက်လေ့ရှိကြသည်။ ထိုအချက်ကြောင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိမှုနှင့် စီးပွါးရေးလုပ်ငန်းများ၊ ရပ်ရေးရွာရေးလုပ်ငန်းများ ဦးဆောင်မှုပိုင်းတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်း၍ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။

# အရင်းအမြစ်များ ပိုင်ဆိုင်မှု ခွဲခြမ်းစိတ်ဖြာခြင်း




## အရင်းအမြစ်များ ပိုင်ဆိုင်မှု အသုံးချမှုတို့ကို သုံးသပ်ချက်

ဖောဓိကုန်းကျေးရွာရှိ အမျိုးသား/အမျိုးသမီးများ၏ အရင်းအမြစ်များကို ပိုင်ဆိုင်မှု အသုံးချမှုတို့ကို လေ့လာကြည့်ရာတွင် ကျေးရွာရှိ လူ့အရင်းအမြစ်များဖြစ်သည့် လယ်၊ ကိုင်း၊ ရေကန်၊ ရေတွင်း၊ စက်လှေ၊ လှေ၊ စက်ဘီး၊ ဆိုင်ကယ်၊ တံတား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ ဆေးခန်း၊ စာသင်ကျောင်း၊ မော်တော် စသည်တို့ကို အားလုံးတန်းတူ ပိုင်ဆိုင် အသုံးပြုကြကြောင်း သိရပါသည်။

အမျိုးသားများအသုံးပြုသည့် အရင်းအမြစ်များမှာ ကား၊ လယ်ထွန်စက်၊နွား၊ လှည်း၊ ချွေလှေ့စက်များ ဖြစ်ပြီး အမျိုးသမီးများ အသုံးချမှု အလွန်နည်းပါးသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသာ ပိုင်ဆိုင်အသုံးချနိုင်သည့် အရင်းအမြစ်မှာ အပ်ချုပ်စက်သာရှိကြောင်း သိရပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်ဖြင့် သုံးသပ်ခြင်း



## သုံးသပ်ချက်

ဖောဇိကုန်းကျေးရွာတွင် တစ်နှစ်တာကာလပါတ်လုံး အနေဖြင့် ရာသီဥတု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊လမ်းပန်းဆက်သွယ်ရေး၊ပွဲတော်များကျင်းပမှု၊ဝင်ငွေ/ထွက်ငွေ စသည့်အခြေအနေများကိုသိရှိနိုင်ရန်အတွက် ရာသီခွင်ပြ ပြက္ခဒိန်ဖြင့် သုံးသပ်ကြည့်ရာတွင် အောက်ပါအတိုင်း တွေ့ရပါသည်။

ရာသီဥတုအနေဖြင့် တပေါင်းလ၊တန်ခူးလ၊ ကဆုန်လများတွင် ပူပြင်းခြောက်သွေ့ပြီး နယုန်လတွင် မိုးစတင်ရွာလေ့ရှိပါသည်။ ဝါဆို၊ ဝါခေါင်၊တော်သလင်း လများသည့် မိုးများသည့်လများဖြစ်ပြီး သီတင်းကျွတ်လမှ စ၍ မိုးနဲပါးပြီး တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသို၊ တပို့တွဲလများသည် ဆောင်းရာသီဖြစ်သည်။

စိုက်ပျိုးရေးအနေဖြင့် တန်ခူးလ၊ကဆုန်လများတွင် မိုးကြိုနှမ်းများစတင်စိုက်ပျိုးလေ့ရှိပြီး နယုန်၊ဝါဆို လများတွင် စပါးကိုစတင်စိုက်ပျိုးကြပါသည်။ ဆောင်းသီးနှံအနေဖြင့် မတ်ပဲကို တော်သလင်း၊သီတင်းကျွတ်လများ တွင် စိုက်ပျိုးကြပါသည်။ သီးနှံထွက်ရှိမှုအနေဖြင့် နယုန်လနှင့်ဝါဆိုလများတွင် မိုးကြိုနှမ်းထွက်ပြီးသီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် စပါးထွက်ပါသည်။ မတ်ပဲကို တပို့တွဲလ၊တပေါင်းလများတွင် ရိတ်သိမ်းလေ့ရှိပါသည်။

မွေးမြူရေးအနေဖြင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိပဲ တစ်ပိုင်တစ်နိုင်သာ ကြက်၊ ဝက်၊ဘဲ၊နွား၊ ဆိတ်နှင့် ငါးမွေးမြူခြင်းတို့ကို လုပ်ကိုင်ကြပါသည်။

ကျန်းမာရေးအနေဖြင့် မိုးရာသီတွင် ကလေးများ သွေးလွန်တုတ်ကွေးရောဂါ ဖြစ်တတ်သည်မှ လွဲ၍ ဆိုးဝါးသောကူးစက်ရောဂါများ ခံစားရခြင်းမရှိပါ။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် မိုးရာသီတွင် အခက်ခဲဆုံးကြုံတွေ့ရပြီး နယုန်လမှစတင်ပြီးသီတင်းကျွတ်လအထိ ရေလွှမ်းမိုးနေသဖြင့် စက်လှေများဖြင့်သာသွားလာနိုင်ပါသည်။ကျန်သည့်လများတွင်လည်းအနီးစပ်ဆုံးဖြစ်သည့် ကြို့ပင်ကောက်မြို့သို့သာ အဓိကထားသွားရောက်ကြသည်။မိုးညိုမြို့သို့လာမည်ဆိုလျှင်ပင် အနီးဆုံးပတ္တော်ရွာသို့ ကြမ်းတမ်းသည့်မြေသားလမ်းဖြင့်သာ သွားလာကြရပါသည်။

ပွဲတော်များအနေဖြင့် တပေါင်းလတွင်ဘုရားပွဲ၊တန်ခူးလတွင်သင်္ကြန်ပွဲ၊ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊တော်သလင်းလတွင်လှေပြိုင်ပွဲ နှင့်သီတင်းကျွတ်လတွင် မီးထွန်းပွဲများကိုကျင်းပလေ့ ရှိပါသည်။

ကျေးရွာတွင် ဝါဆို၊တော်သလင်း၊တန်ဆောင်မုန်းလများတွင်ထွက်ငွေများပြီး တပို့တွဲ၊တပေါင်းနှင့်တန်ခူးလများ သီးနှံများပေါ်ထွက်သဖြင့် ဝင်ငွေကောင်းကြသည်။

## ဗောဓိကုန်းကျေးရွာ အမျိုးသားများ၏ အခက်အခဲပြဿနာများနှင့် မျှော်လင့်ချက်များ

**အမျိုးသားများ အခက်အခဲ** ပြဿနာ

၁။ သွားလာရေး အခက်အခဲ

၂။ ကျန်းမာရေး အခက်အခဲ

၃။ မီး အခက်အခဲ

၄။ သောက်သုံးရေ အခက်အခဲ

၅။ အလုပ်အကိုင် အခွင့်အလမ်း

၆။ ဆက်သွယ်ရေး အခက်အခဲ

၇။ စိုက်ပျိုးရေးနည်းပညာ အခက်အခဲ

မျှော်မှန်းချက်( နောင် ၅ နှစ်အတွင်း )

၁။ ရွာချင်းဆက်လမ်း ကတ္တရာခင်းဖြစ်ရန်

၂။ ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိရန်

၃။ ဆေးဝါးလုံလောက်မှုနှင့် တိုက်နယ်ဆေးရုံဖြစ်စေရန်

၄။ သန့်ရှင်းသောသောက်သုံးရေများ ရရှိရန်

၅။ ကျေးရွာအတွင်း အထက်တန်းကျောင်း ရရှိရန်

၆။ လူတိုင်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းအလုပ်များ ရရှိရန် မိသားစုဝင်ငွေတိုးလာစေရန်

# ဖောဝိကုန်းကျေးရွာ အမျိုးသမီးများ၏ အခက်အခဲပြဿနာများနှင့် မျှော်လင့်ချက်များ

**အမျိုးသမီးများ အခက်အခဲ** ပြဿနာ

၁။ သွားလာရေး အခက်အခဲ

၂။ ကျန်းမာရေး အခက်အခဲ

၃။ မီး အခက်အခဲ

၄။ ပညာရေး အခက်အခဲ

၅။ အလုပ်အကိုင် အခွင့်အလမ်း

၆။ ဆက်သွယ်ရေး အခက်အခဲ

၇။ မွေးမြူရေးနည်းပညာ အခက်အခဲ

မျှော်မှန်းချက်( နောင် ၅ နှစ်အတွင်း )

၁။ ရွာချင်းဆက်လမ်း ကတ္တရာခင်းဖြစ်ရန်

၂။ ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိရန်

၃။ ဆေးဝါးလုံလောက်မှုနှင့် တိုက်နယ်ဆေးရုံဖြစ်စေရန်

၄။ သန့်ရှင်းသောသောက်သုံးရေများ ရရှိရန်

၅။ ကျေးရွာအတွင်း အထက်တန်းကျောင်း ရရှိရန်

၆။ လူတိုင်း ကိုယ်ပိုင်အသက်မွေးဝမ်းကြောင်းအလုပ်များ ရရှိရန် မိသားစုဝင်ငွေတိုးလာစေရန်

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | | | |
|---|---|---|---|---|---|
| **လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>မီးဆော်လင်း | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09-450728867 | | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦးသူရ | |
| ပြည်နယ်၊တိုင်းဒေသကြီး ပဲခူး | မြို့နယ် မိုးညို | ကျေးရွာအုပ်စု ဇော်ကက်ဝ | | ကျေးရွာ မောဝိကျွန်း | |

ဒဂိုဇ်ဖြေ-၃၃၈

### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင | ၃၅၂ | ဘာသာ (၁) ဗုဒ္ဓ | ၃၅၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော -------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၈၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၃၂ | ၆၇၄ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၂၉၉ | ၃၉ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☑ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☐ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | **ကွန်ကရစ်လမ်း** | **မော်တော်ဆိုင်ကယ်လမ်း** |
| ကျောက်ခင်းလမ်း | **မြေသားလမ်း** | **လူသွားလမ်း** | အခြား ________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--၁--၄--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ
အပိုင်း-၃ ၉.၉.၂၀၁၅

**ပုံစံ စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်-သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီ ပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤပုံစံကိုဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် မိုးသူရ | | | |
| နေ့စွဲ 3.2.17 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ဖြူး | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက်နှင့် လူမျိုးစုအမည် |
| ၁. ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 31.1.17 | 31.1.17 | ၃၈ | ၁၁ | ၄၉ | ဗမာ ၊ ၄၉ |
| ၂. ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 3.2.17 | 3.2.17 | ၃၈ | ၁၁ | ၄၉ | ဗမာ ၊ ၄၉ |
| ၃. ကျေးရွာအုပ်စု လုပ်ငန်း ဆုံးဖြတ်ချက်ချသည့်အစည်းအဝေး | 6.2.17 | 6.2.17 | 4 | 4 | 8 | ဗမာ ၊ 8 |
| ၄. မြို့နယ်အဆင့်စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှုအစည်းအဝေး | 6.3.17 | 6.3.17 | မလို | မလို | မလို | မလို |
| ၅. မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့်အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့အသိပေးအကြောင်းကြားသည့်အစည်းအဝေး | 21.3.17 | 21.3.17 | ၇၈ | ၇၉ | ၁၄၅ | ဗမာ ၊ ၁၄၅ |
| ၆. စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | 2.4.17 | 2.4.17 | 90 | 26 | 115 | ဗမာ ၊ 115 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 2.4.17 | 2.4.17 | 90 | 26 | 115 | ဗမာ ၊ 115 |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 2.4.17 | 2.4.17 | 90 | 26 | 115 | ဗဟာ | 115 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 2.4.17 | 2.4.17 | 90 | 26 | 115 | ဗဟာ | 115 |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 2.4.17 | 2.4.17 | 90 | 26 | 115 | ဗဟာ | 115 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 27.4.17 | 27.4.17 | 8 | 8 | 16 | ဗဟာ | 16 |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 12.5.17 | 12.5.17 | 8 | 8 | 16 | ဗဟာ | 16 |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 22.5.17 | 22.5.17 | 8 | 8 | 16 | ဗဟာ | 16 |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 25.5.17 | 25.5.17 | 8 | 8 | 16 | ဗဟာ | 16 |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 26.5.17 | 26.5.17 | ၁၀၆ | ၄၃ | ၁၄၉ | ဗဟာ | ၁၄၉ |

လူထုဗဟိုပြုစီမံကိန်း၊စီမံကိန်းလက်စွဲ

အပိုင်း-၃ ၉.၉.၂၀၁၅

## ပုံစံ စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| ***လမ်းညွှန် ချက်*** /အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ အားလုံးသော အခက်အခဲအတားအဆီးများ၊ ဖွံ့ဖြိုးမှုဦးစားပေးအစီအစဉ်များ၊လူထုဗဟိုပြုစီမံကိန်း၏ ရန်ပုံငွေအရင်းအမြစ်နှင့် မသက်ဆိုင်သည့် လုပ်ငန်းများအားလုံးကိုဖော်ပြရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဖြိုးသူရ | | | |
| နေ့စွဲ ၉.၂.၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂)□ စက်ဝန်း(၃)□စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ပဲခူး | မြို့နယ် ဖြူး | ကျေးရွာအုပ်စု ကျောက်ဝ | ကျေးရွာ ဇေယျာမြို့ကုန်း |

**က. အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း(အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ခရီးသွားလာရေး | ၁ | ခရီးသွားလာရေး |
| ၂ | ရေ | ၂ | ရေ |
| ၃ | ကျန်းမာရေး | ၃ | ကျန်းမာရေး |
| ၄ | အလုပ်အကိုင် | ၄ | အလုပ်အကိုင် |
| ၅ | စိုက်ပျိုးရေး နည်းပညာ | ၅ | မွေးမြူရေး နည်းပညာ |

**ခ. မျှော်မှန်းခြင်း**- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှတင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း ကောင်းမွန်ခြင်း | ၁ | ရွာချင်းဆက်လမ်း |
| ၂ | ကျေးရွာ ရေ လုံလောက်ရေး | ၂ | ရေ ရရှိရေး |
| ၃ | စိုက်ပျိုးမြေ ရှိ | ၃ | ဆေးပေးခန်း ဆောက်ရန် |
| ၄ | အလုပ်အကိုင် ရှိသော ကျေးရွာ | ၄ | အလုပ်အကိုင် ရှိသော ကျေးရွာ |
| ၅ | အလုပ်အကိုင် | ၅ | အလုပ်အကိုင် |

**ဂ. ဤကျေးရွာ၏ လာမည့်( ၃)နှစ်အတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။**
**(လူထုဗဟိုပြုစီမံကိန်း ရံပုံငွေအတွက် အဆိုပြုသော အစီအစဉ်များကိုဦးစားပေး အဆင့်အလိုက်ဖော်ပြပြီး ကျန်လူထုဗဟိုပြု စီမံကိန်းရန်ပုံငွေအရင်းအမြစ်နှင့် မပတ်သက်သည့်အစီအစဉ်များလည်းဖော်ပြရန်ဖြစ်သည် )**

| | ကျေးရွာအတွက်ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | လူထုဗဟိုပြုစီမံကိန်းအတွက်အဆိုပြုသည် (ဦးစားပေးအဆင့် အလိုက်ဖော်ပြပါ) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် |
|---|---|---|---|---|---|
| ၁ | ရွာချင်းဆက်လမ်း | ကျား + မ | 1 | | |
| ၂ | ကျန်းမာရေး ဆေးပေးခန်း | 〃 | 2 | | |
| ၃ | ရေ လုံလောက်ရေး | - | 3 | | |

| | | | | | |
|---|---|---|---|---|---|
| ၄ | ဧရာစို· ဧရာတက်· | ကျွဲ + ဗ· | 4 | | |
| ၅ | | | | | |
| ၆ | | | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် [illegible] လက်မှတ် [signature] နေ့စွဲ 3.2.17.

# ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး ·ဘုန်ဂု ·

နေ့စွဲ ·5·2·2017 | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(✓) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄)

ပြည်နယ်/တိုင်း ပဲခူး · | မြို့နယ် ဖြူး · | ကျေးရွာအုပ်စု ကျောက်ဝ ·

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ၁။ ကျောက်ဝ · | မီးထက်ဂေကူ · | - | ၅၀၄ | □ ကျား □ မ ☑ ကျား+ မ | ၇၁၉၈၈၈၅ | | | | |
| ၂။ ဗေဒါကုန်း · | ရွာချိုင်းဆက်လမ်း (ဝဝ) ကျောက် | ၂၄၈၀'× ၈'×၄" | ၁၃၈၈ · | □ ကျား □ မ ☑ ကျား+ မ | ၁၁၃၂၂၄၁၅ | | | | |
| ၃· ၁၁မီ·ဂျ · | ကျောက်ချ ရွာချိုင်းဆက်လမ်း (ဝါးတောင်းအစိတ်ရွာ) | ၉၁၀၀'× ၅'×၄" | ၁၄၀၂ | □ ကျား □ မ ☑ ကျား+ မ | ၄၄၀၀၀၀၀၀/- | | | | |
| ၄· ဒီပင်ကုန်း | ကျောက်ချ ရွာချိုင်းဆက်လမ်း (ဂါးဝေတောင်အစိတ်ရွာ) | ၉၀၀၀'× ၅'×၄" | ၁၄၀၂ | □ ကျား □ မ ☑ ကျား+ မ | " | | | | |
| | | | | □ ကျား □ မ □ ကျား+ မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ   အမည် ဦးကြည်ဟန် · ဒေါ်သန်း၊ ၁၁န္ဒါ ဒေ့ လက်မှတ်   ရက်စွဲ 5·2·17·